
# ဝိုတလျှန်းဝေ

## လွှမ်းရင်းကျေနပ်နေမှာပါ



(၁)

"မိုးဦးဖြူရေ . . ."

မှန်တံခါးခြားထားသော တစ်ဖက်ခန်းက သူဌေးဦးအောင်သောင်း ခေါ်သံကို မိုးဦးဖြူ ကြားသည် ။

"ဟုတ်ကဲ့ . . . လာပါပြီ အန်ကယ်"

အလုပ်ရှင် သူဌေးရဲ့ အခန်းကို မိုးဦးဖြူ ကူးလာခဲ့သည် ။ အိမ်ပြန်ရန် အသင့်ဖြစ်နေသော မိုးဦးဖြူကို ဦးအောင်သောင်းက လှမ်း၍ ခေါ်လိုက်ခြင်းပါ။

ဦးအောင်သောင်းရဲ့ စားပွဲရှေ့မှာ မိုးဦးဖြူက ခြေစုံရပ်သည် ။

"မိုးဦးဖြူရေ . . .ဒီနေ့တော့ အိမ်ပြန် နောက်ကျလိမ့်မယ်ကွယ်"

"ရှင် . . ."

စိတ်ပျက်လက်ပျက်နှင့် မိုးဦးဖြူက ဦးအောင်သောင်းကို မျက်နှာငယ် လေးနှင့်ကြည့်နေသည် ။

စိတ်ညစ်နေပြီ ထင်ပါရဲ့ ၊ ဒီစာလေး အရေးကြီးလို့ အပြီးရိုက်ပေးခဲ့ပါကွယ်"

ဖခင်ရဲ့ သူငယ်ချင်း၊ သူမအပေါ်မှာ သိပ်ပြီးကောင်းသော ကုမ္ပဏီသူဌေးမင်း ဦးအောင်သောင်း ရဲ့ ဆန္ဒကို မိုးဦးဖြူ လိုက်လျောရမှာ ပဲပေါ့။

"ရပါတယ် အန်ကယ်၊ မိုးဦး ပြီးအောင်ရိုက်ပေးခဲ့ပါ့မယ်"

"ကျေးဇူးပဲ ဦးမိုးဖြူရယ်"

ဦးအောင်သောင်း လှမ်းပေးသော စာရွက်ကိုယူပြီး၊ သူမရဲ့ စားပွဲဆီသို့ သွက်သွက် လျှောက်လာ သည် ။ ဖုံးအုပ်သိမ်းထားပြီးသော ကွန်ပျူတာ လက်နှိပ်စက်ကိုပြန်၍ ဖွင့်သည် ။ အလုပ်ကို အချိန်မဆွဲဘဲ သွက်သွက်ပင် လုပ်လိုက်သည် ။ ရိုက်နှိပ်စရာ ရှိသည် ကို မှန်မှန်မြန်မြန်နှင့် ပြီးစီးအောင်ရိုက်သည် ။

"အန်ကယ် . . .ဒီမှာ ပြီးပါပြီ"

"ဟန်ကျတာပဲ မိုးဦးဖြူရေ ကျေးဇူးပဲကွာ၊ အိမ်ပြန်တော့ တော်တော်နောက်ကျသွားပြီနော်"

"ရပါတယ် . . .အန်ကယ်"

"ကဲ . . .ပြန်တော့နော်"

"ဟုတ်ကဲ့ . . ."

လက်က နာရီကို ငုံ့ကြည့်သည် ။ ခြောက်နာရီပင်ကျော်နေပြီ။ ဦးအောင်သောင်းကို ရပါတယ်လို့ အားနာပါးနာနှင့် ဖြေလိုက်သော်လည်း အိမ်ရောက်လျှင် မရနိုင်သည့်အဖြစ်တွေကို တွေးပြီး သက်ပြင်း ချလိုက်သည် ။

"ဟူး . . .ပြန်မှ ချက်ရပြုတ်ရရင် တစ်အိမ်လုံး ထမင်းစားဖို့ နောက်ကျတော့မှာ ပဲ"

သုံးထပ်တိုက် ရုံးပေါ်မှ အပြေးတစ်ပိုင်းနှင့် ဆင်းခဲ့သည် ။

နီးရာဈေးသို့ ပြေးပြီး ညစာနှင့် နောက်တစ်နေ့ နံနက်စာအတွက် ဝ

ယ်ခြမ်းသည် ။

လိုင်းကားကို တိုးစီးပြီး အိမ်သို့ အသော့နှင်သည် ။

"ဆောင်းနှင်းလေးအိမ်မှာ တစ်ယောက်တည်းဖြစ်နေရှာတော့မယ်"

အိမ်မှာ ကျန်ရစ်ခဲ့သော ညီမလေး ဆောင်းနှင်းဖြူကို စိတ်ပူနေသည် ။ အသက်ဆယ့်လေးနှစ် သာ ရှိသေးသော ဆောင်းနှင်းဖြူ ကျောင်းမှ ပြန် လာပြီး အိမ်မှာ တစ်ယောက်တည်းဖြစ်နေမည်ကို စိတ်ပူနေ သည် ။

***

(၂)

ရှစ်တန်းကျောင်းသူလေးဆောင်းနှင်းဖြူက နံနက်ပိုင်းကျောင်းမို့ နေ့လယ် ဆယ့်နှစ်နာရီ ဆိုလျှင် အိမ်ပြန်ရောက်သည် ။ အိမ်မှာ တစ်ယောက်တည်းမို့ အစ်မဖြစ်သူ ရုံးမှ ပြန်အလာကို စောင့်မျှော်နေတတ် သည် ။

မိမိဘာသာ ဘာကိုမျှလုပ်ကိုင်မစားတတ်သော ဆောင်းနှင်းဖြူက အစ်မဖြစ်သူ ရုံးမှ ပြန်အလာကို စောင့်မျှော်နေသည် ။ ထမင်းဆာနေသော်လည်း မိုးဦးဖြူ ပြန်လာမှ ချက်ပြုတ်ပြီး စားရ မည်ဖြစ်သည် ။

"ဗိုက်အရမ်းဆာတယ်၊ မမ မိုးဦးကလဲ ခုထိ မလာသေးဘူး"

မိုးဦးဖြူ ပြန်မလာသေးသည် ကို စောင့်မျှော်ရင်း တဂျုတ်ဂျုတ် မြည်နေသော ဗိုက်ကို နှိပ်ထား လိုက်သည် ။ အချိန်သာ တရွေ့ရွေ့ ကုန်သွားသည် ။ မိုးဦးဖြူက ရောက်မလာသေးပါ။

ညခြောက်နာရီပင် ထိုးနေပြီ။ ဆောင်းနှင်းဖြူအတွက် သည်းခံနိုင်သော အတိုင်းအတာ ကုန်ဆုံး သွားပြီ။ အိမ်တံခါးကို သော့ခတ်ပြီး အိမ်မှ ထွက်လာခဲ့သည် ။

ဆောင်းနှင်းဖြူ တည်လိုက်သည် က တစ်လမ်းကျော်မှာ ရှိနေသော အသုပ်စုံဆိုင်သို့သာ။ ဟာနေ သော ဝမ်းကိုအသုပ်စုံတစ်ပွဲနှင့် ဖြည့်ဆည်းရန် စိတ်ကူးလိုက်သည် ။

"အသုပ်စုံတစ်ပွဲ မြန်မြန်ပေးပါ"

အသုပ်စုံဆိုင်ရဲ့ ခုံပုလေးမှာ မထိုင်မီခင်ကတည်းက လှမ်းမှာ သည် ခုံမှာ ဝင်ထိုင်ရင်းဘေးဘီ က မိန်းမသုံးလေးယောက်ဆီ အကြည့်ရောက် သွားသည် ။ နှစ်ယောက်က မျက်နှာစိမ်းနှစ်ယောက်က အသိ။ အသိ တ စ်ယောက်ထဲက သူက အတင်းအဖျင်းပြောတတ်သလို ဆောင်းနှင်းဖြူနှ င့် ကျောင်းတော်က ရန်စဖြစ်ခဲ့ဖူးသည် ။

"ဆောင်းနှင်းဖြူလေး . . .တစ်ယောက်တည်းပါလား"

အသိထဲက တစ်ယောက်က ဆောင်းနှင်းဖြူကို ချိုချိုသာသာ နှုတ်ဆ က်သည် ။ ဆောင်းနှင်းဖြူ ကလည်း အသံချိုချိုနှင့် ပြန်ပြောသည် ။

"ဟုတ်ကဲ့ မမမိုးဦး မရောက်သေးလို့ "

"ဟုတ်လား"

"ဒီအချိန်အထိ အိမ်ပြန်မရောက်သေးတာ လွန်တာပေ့ါ"

ဆောင်းနှင်းဖြူနှင့်မတည့်သော ဂျမ်းပုံက မျက်နှာမဲ့ရွဲ့ပြီးပြောသည် ။ ဆောင်းနှင်းဖြူက ရှေ့ ရောက်လာသော အသုပ်စုံကို မစားအားသေးဘဲ ဂျမ်းပုံကို မကြည်သော မျက်နှာနှင့်ကြည့်သည် ။

"ငါ့အစ်မဘာသာ ဘယ်အချိန်ပြန်ပြန် နင်နဲ့ ဘာဆိုင်လဲ"

"မဆိုင်မှန်းသိသားပဲ၊ ညည်းတို့ အကျင့်စာရိတ္တတွေကို ကဲ့ရဲ့ ချင်လို့ ဟော့"

ဂျမ်းပုံက အသားလွှတ် ဝင်ခွပ်သည် ။ ဆောင်းနှင်းဖြူရဲ့ မျက်နှာ လေး ဒေါသဖြင့် ရဲရဲ ထွက်သွား သလို အသားတွေပါ တဆတ်ဆတ်တုန် နေသည် ။ ဂျမ်းပုံကို စားတော့ ဝါးတော့မလို ကြည့်နေသည် ။

"အဖေကလဲ သမီးနဲ့ မတိမ်းမယိမ်း နောက်မိန်းမယူ၊ သမီးတွေကလဲ

ဖြစ်ချင်တိုင်းဖြစ်"

"ဟဲ့ . . .ဂျမ်းပုံမ၊ ဘာလို့ သူတစ်ပါးကို ထိခိုက်နစ်နာအောင် ပြောနေရတာလဲ"

ဆောင်းနှင်းဖြူရဲ့ အသိ ဒေါ်အေးက ဝင်ပြောသည် ။ ဆောင်းနှင်းဖြူရဲ့ ဒေါသက အထွတ်အထိပ် ရောက်သွားပြီမို့၊ ထိုင်ရာကနေ ဆတ်ခနဲ ထလိုက်မိသည် ။ ဂျမ်းပုံကို မီးဝင်းဝင်းတောက် မျက်လုံးများ နှင့် ရင်ဆိုင်သည် ။

"သူများ အကြောင်းကို မဆီမဆိုင် ပြောချင်ဦးဟယ်"

ဆောင်းနှင်းဖြူက ဒေါသနှင့် ဂျမ်းပုံကို ပစ်တွန်းလိုက်သည် ။ ဂျမ်းပုံက ထိုင်နေရာကနေ ပတ်လက် လန်ကျသွာသည် ။

"ဟဲ့ . . .ဆောင်းနှင်းဖြူ"

ဒေါ်အေးက ဝင်ဆွဲသည် ပင် မရတော့ပါ၊ ပက်လက်လန်သွားသော ဂျမ်းပုံရဲ့ ခေါင်းကို ထိုင်နေ သော ခွေးခြေပုကိုဆွဲပြီး ရိုက်လိုက်သည် ။

"ဟယ် . . ."

ရိုက်ချက်က ချိုစောင်းကိုထိသည် ။ သိပ်ပြီး မပြင်းထန် သော်လည်း ဂျမ်းပုံရဲ့ ချိုစောင်း ပေါက်သွားသည် ။ သွေးတွေ စီးကျလာသည် ။

"ဆောင်းနှင်းဖြူရယ်၊ တော်ပါတော့"

ဒေါ်အေးက အလန့်တကြား ဝင်ဆွဲသည် ။ ဆောင်းနှင်းဖြူက ချိုစောင်းကို လက်ဝါးနှင့် အုပ်ပြီး ရှုံ့မဲ့နေသော ဂျမ်းပုံကို ဒေါသနှင့်ပြောသည် ။

"နောက်မှတ်ထား၊ ငါ့ကို အသားလွတ် စော်ကားရင် ဒီ့ထက်နာမယ် မှတ်"

လက်ထဲက ခွေးခြေကို ဆောင့်ခနဲ လွှတ်ပစ်လိုက်ပြီး၊ အသုပ်စုံဆိုင်မှ ထွက်သည် ။

"ဟဲ့ . . .ဆောင်းနှင်းဖြူ၊ ငါ့ခွေးခြေကျိုးသွားပြီ၊ လျော်ပေးဦး"

အသုပ်စုံဆိုင်ရှင်က မှာ ပြီးသား အသုပ်အတွက်ရော၊ ကျိုးသွားသော ခွေးခြေအတွက်ပါ အလျော်တောင်းသည် ။

"အတင်းပြောတဲ့ လူကို လက်ခံတဲ့ ဆိုင်၊ ဘာမှ မလျော်ဘူး . . ."

ဆောင်းနှင်းဖြူက အသားလွတ် အသုပ်သည် ကိုပါ ရန်ထောင်ပြီး ထွက်လာခဲ့သည် ။ ဂျမ်းပုံမက ခေါင်းကသွေးတွေ လက်ဝါးမှာ ပေကျံသည် ကို ကြည့်ပြီး အရမ်းဒေါသထွက်နေသည် ။

"တောက် . . .ကောင်မက ငါ့ကို ကိုယ်ထိလက်ရောက် စော်ကားသွားတယ်"

"ညည်းကလဲ ဘာလို့ အသားလွတ် ရန်စတာလဲ"

ဒေါ်အေးက မျှမျှတတဝင်၍ ဝေဖန်သည် ။ ဂျမ်းပုံက ဒေါ်အေးဘက်သို့ မြားဦးလှည့်သွား ပြန်သည့်။

"ဟုတ်တာပြောတာပဲနာစရာလား၊ ဒေါ်အေးကရော၊ ဘာလို့ ကြားထဲက ဝင်ပါနေရတာလဲ"

မိုက်ရိုင်းသော ဂျမ်းပုံကို ဒေါ်အေးက ဖက်၍ မပြောတော့ဘဲ အသုပ်ဆိုင်မှ ထွက်လာသည် ။

"လူပါးဝတဲ့ ကောင်မကို အရပ်လူကြီးတွေနဲ့ တိုင်မယ် . . ."

နည်းနည်းကွဲသွားသော ချိုစောင်းကို လက်ဝါးနှင့် အုပ်ပြီးဂျမ်းပုံက ရပ်ကွက်လူကြီး အိမ်သို့ သုတ်ခြေတင်သွားသည် ။

"အမယ်လေး . . . သူတို့ ရန်ပွဲဖြစ်တာနဲ့ ငါ့ခုံရော အသုပ်ဖိုးပါ ရှုံးပါ ပေါ့ဟယ်"

အသုပ်သည် ကလည်း မကျေမနပ်၊ ပွစိပွစိနှင့် ကျန်ရစ်ခဲ့သည် ။ ဂျမ်းပုံက ရပ်ကွက်လူကြီးထံ သွားပြီး ဆောင်းနှင်းဖြူရဲ့ အပြစ်ကို သာ သာထိုးထိုး လုပ်ကြံပြီး တိုင်တောသည် ။

ဆောင်းနှင်းဖြူအိမ်ပြန်ရောက်တော့ မိုးဦးဖြူ ရောက်နေပြီ။ ဒေါသန ှင့် ငိုယိုပြီး ပြန်လာသော ဆောင်းနှင်းဖြူကို တွေ့ပြီး မိုးဦးဖြူက ပျာပျာ သလဲ ဖြစ်သွားသည် ။

"ဟယ်. . . ဆောင်းလေး ဘာဖြစ်လာတာလဲ၊ ဘယ်တွေလျှောက်သွားနေတာလဲ"

"မမမိုးဦး နောက်ကျလို့ ပေါ့"

အကြောင်းစုံကို မဖြေရှင်းသေးဘဲ မိုးဦးဖြူကို အသားလွတ် မဲနေပြန် ၏။ ဝမ်းပန်းတနည်း ဆောင်းနှင်းဖြူကငိုနေ၍ ညီမဖြစ်သူ အပြစ်တင် သည် ကို မိုးဦးဖြူက အပြုံးမပျက်ရှိနေသည် ။

"ပြန်ခါနီးမှာ အန်ကယ်က ခိုင်းနေလို့ နောက်ကျသွားတယ်ကွယ်၊ ကဲ . . . ညီမလေး ဗိုက်ဆာ နေပြီလား"

ညီမငယ်ရဲ့ ပခုံးကို ထွေးပွေ့ပြီး မိုးဦးဖြူကချော့သည် ။ ဆောင်းနှင်းဖြူက ရှိုက်ကြီးတငင်ငိုနေဆဲပါ။

"ကဲပါ ဘာဖြစ်နေတာလဲ၊ ပြောပါဦးကွယ်"

"ဗိုက်ဆာလို့ အသုပ်သွားစားတာ၊ ဆိုင်မှာ ဂျမ်းပုံက ရန်စလို့ ရိုက် လာခဲ့တယ်"

"ဟယ်. . . ဆောင်းလေးရယ်၊ ဘာလို့ သူများကို ကိုယ်ထိလက်ရောက် လုပ်ရတာလဲ၊ ဂျမ်းပုံ ဘာဖြစ်သွားလဲ"

"ချိုစောင်းကွဲသွားတယ်"

"ဆောင်းလေးက အရမ်းလက်ယဉ်တာပဲ၊ ပြဿနာတော့ တက်ကုန်မှာ ပဲ"

မိုးဦးဖြူက ခေါင်းကို တဖျဉ်းဖျဉ်းကုတ်ပြီး စိတ်ရှုပ်ထွေးစွာ ရှုံ့မဲ့ကာ အပြစ်တင်သည် ။

"မမမိုးဦးက ဘာသိလို့ လဲ၊ ဆောင်းလေးတို့ ကို သူက သူများ တွေ ရှေ့ အပုပ်ချတာကိုး"

ဆောင်းနှင်းဖြူက ခြေဆောင့်ပြီး ငိုမဲ့မဲ့နှင့် ပြောသည် ။

"ဘာပြောလို့ လဲ"

"မမမိုးဦး နောက်ကျတာကိုလဲ ကဲ့ရဲ့ တယ်၊ ပြီးတော့ .. ဖေဖေ နောက်မိန်းမယူတာကိုလဲ ပြောတယ်၊ အဲလောက် လူပါးဝနေတော့ ဆောင်းလေးက စိတ်ဆိုးတာပေါ့"

ဂျမ်းပုံအသားလွတ်ရန်လုပ်သည် ကို မိုးဦးဖြူက ကောင်းကောင်းကြီး သဘောပေါက်သည် ။ စိတ်ဆတ်သော ဆောင်းနှင်းဖြူကို တမင် ရန်စလိုက်သည် ကိုလည်း သိနေသည် ။

"ပါးစပ်နဲ့ ပဲ ပြန်ရန်တွေ့ခဲ့ပါလား ညီမလေးရယ်၊ ကိုယ်ထိလက်ရောက် လုပ်တော့ ပြဿနာတက်မှာ ပေါ့"

"ဒေါသဖြစ်နေတုန်း ဆောင်းလေးက အဲဒါတွေကို ဘယ်လို သတိရမှာ လဲ"

မိတဆိုး ညီမလေးကို ရင်ခွင်ထဲမှာ ထွေးပွေ့လိုက်သည် ။ ဆောင်းနှင်းဖြူ ငိုနေသည် ကို ချော့လိုက် သည် ။

"တိတ်ပါ . . . ညီမလေးရယ်"

ဂျမ်းပုံက ရပ်ကွက်လူကြီးကို တိုင်မယ်တဲ့ ၊ ဖေဖေက ပြန်လာရင် ဆောင်းလေးကို ရိုက်တော့မှာ ပဲ မမမိုးဦးရယ်"

"ဆောင်းလေးအရွယ်က ရိုက်ပြီးဆုံးမရမယ့် အရွယ်မဟုတ်ပါဘူးကွယ်၊ ဖေဖေက ဆူတော့ ဆူလိမ့်မယ်"

"ဖေဖေ့ကို ဆောင်းလေးကြောက်တယ်"

"မမမိုးဦး ပြောပေးပါ့မယ်ကွယ်"

ဆောင်းနှင်းဖြူ ငိုယိုနေသည် ကို ချော့ပြီး ရေမချိုးသေးသော ဆောင်းနှင်းဖြူကို ရေချိုးခိုင်း သည် ။

"ဆောင်းလေးက ဒီအချိန်ထိ ရေမချိုးရသေးဘူးကိုး၊ ရေချိုးလိုက်၊ ပြီးရင် . .. ဟင်းကျက်တော့ မှာ ၊ ထမင်းစားကြမယ်နော်"

"ဟုတ်ကဲ့ . . ."

ရှိုက်သံတွေနှင့် ဆောင်းနှင်းဖြူကဖြေပြီး၊ မီးဖိုဆောင်မှ ထွက်သွားသည် ။

မိုးဦးဖြူက မနူးသေးသော ကြက်သားထဲ ရေထည့်ပြီး အဖုံးအုပ်ထားသည် ။

ထိုအချိန်မှာ ဧည့်ခန်းထဲက တယ်လီဖုန်းသံကြားသည် ။

မီးဖိုထဲမှ ပြေးထွက်ပြီး တယ်လီဖုန်းကို ကိုင်သည် ။ တစ်ဖက်က မိထွေးတော် ဒေါ်သီတာရဲ့ အပြစ်တင်သံကို ကြားရသည် ။

"မိုးဦးလား၊ ဘယ်တွေ လျှောက်သွားနေတာလဲ"

"မိုးဦး ဘယ်မှ မသွားဘူး၊ အိမ်မှာ ပဲရှိပါတယ်"

"ငါဖုန်းဆက်တာနှစ်ခါရှိပြီ၊ ဘယ်သူမှ မကိုင်ကြဘူး၊ ဆောင်းနှင်းက ဘာလုပ်နေလို့ မကိုင်တာလဲ"

ဒေါ်သီတာရဲ့ ဒေါသအပြစ်တင်သံကို မိုးနှင်းဖြူက ဖြေရှင်းချက် ထုတ်ရပြန်သည် ။

"မိုးဦးကို ပြန်ခါနီးမှ အန်ကယ်က ခိုင်းလို့ အလုပ်က နောက်ကျတယ် ၊ အိမ်မှာ ဆောင်းနှင်းလေး ကဗိုက်ဆာလို့ မုန့်ထွက်ပြီးစားတယ်၊ ဒါကြောင့် အန်တီ့ဆီက ဆက်တဲ့ အချိန် အိမ်မှာ လူမရှိတာပါ"

"ညည်းတို့ က ပြောလိုက်ရင် ဆင်ခြေချည်းပဲ"

ဖခင်ရဲ့ မျက်နှာကြောင့် ထုံးစံအတိုင်း မိုးဦးဖြူက သည်းခံလိုက်ပါသည် ။

"အန်တီသီတာ၊ ဘာကြောင့်ဆက်တာလဲ"

"ဒီနေ့ည ညည်းတို့ အဖေနဲ့ ငါ ညစာမစားဘူး၊ ထည့်မချက်နဲ့ မိတ်ဆွေ တစ်ယောက်က ဖိတ်ထားတာသွားမလို့ "

"ဟုတ်ကဲ့ အန်တီသီတာ"

"အိမ်မှာ နေကြဦး၊ လျှောက်ပြီး အလေလိုက်မနေကြနဲ့ "

ဒေါ်သီတာရဲ့ ကြမ်းတမ်းသော စကားကြောင့် မိုးဦးဖြူရဲ့ ရင်ထဲမှာ ထင်းခနဲဖြစ်သွားသည် ။ ဒေါ်သီတာကပြောချင်တာပြောပြီး ဖုန်းကိုချသွားပြီ။ ညစာကို ထည့်ချက်ပြီးတာ မပြောတော့ပါ။ ပြောလိုက်လျှင် အပြစ်တင်သော စကားလုံးတွေ စက်သေနတ်ပစ်သလို တရစပ်ပစ်

တော့မည်လေ။

ဖုန်းခွက်ကို ပစ်တင်လိုက်ပြီး၊ မီးဖိုဆောင်သို့ဝင်သည် ။ ကြက်သား အိုးက နူးပြီမို့ ခွင်ပေါ်မှ ချ သည် ။ ပြီးတော့ မိုးဦးဖြူက ရေချိုးခန်းဝင်သ ည် ။

ရေချိုးပြီး ညီအစ်မနှစ်ယောက် ထမင်းအတူ စားကြသည် ။

ကလေးစိတ်ပင် ရှိသေးသော ဆောင်းနှင်းဖြူက ရေချိုးရင်းနှင့်အတူ ရေထဲသို့ ဝမ်းနည်းစိတ် တွေ မျှောပါသွားသည် ထင့်။ ထမင်းကို အားရပါးရ ပလုတ်ပလောင်း စားနေသည် ။

"မမမိုးဦး ချက်တဲ့ ကြက်သားဟင်းက ကောင်းလိုက်တာ"

"ကောင်းရင်စား၊ ဖေဖေတို့ နှစ်ယောက်စာပါ ပိုစားလိုက်"

"ဟင် . . . ဖေဖေတို့ က မစားဘူးလား"

"မိတ်ဆွေက ထမင်းစားဖိတ်ကျွေးလို့ တဲ့ "

"ကောင်းလိုက်တာ၊ ဆောင်းလေးတို့ ကျတော့ မဖိတ်ဘူး"

"ဘယ်တုန်းကများ မမတို့ ကို လူရာသွင်းဖူးလို့ လဲ ဆောင်းလေးရယ် "

"အဲဒီ ဒေါ်သီတာကြီးရောက်လာမှ ဆောင်းလေးတို့ ကို ဖေဖေက သိ ပ်ဂရုမစိုက်တော့ဘူး"

"အေးလေ"

"မေမေ့ကို သတိရလိုက်တာ"

ဆောင်းနှင်းဖြူ မျက်နှာလေး ညှိုးကျသွားသည် ကို တွေ့ပြီး မိုးဦးဖြူ က စိတ်မကောင်း ဖြစ်သွားသည် ။

"အဲဒီအကြောင်းတွေကို ထမင်းစားတုန်း မေ့ထား ညီမလေး၊ မမမိုးဦးချက်ထားတဲ့ ဟင်းတွေကို အားပါးတရ စားစမ်းပါ"

"ဟုတ်ကဲ့ . . .မမမိုးဦး"

ထမင်းစားသောက်ပြီး ညီအစ်မနှစ်ယောက် တီဗွီ ထိုင်ကြည့်နေသည်။ ဖခင်ဦးဝေလင်းတို့ ပြန်မလာသေးပါ။

"ဖေဖေတို့ အရမ်းမိုးချုပ်လိုက်တာ"

"အဲဒါမှ ကောင်းတယ် မမမိုးဦးရဲ့ ၊ ဆောင်းလေးအကြောင်းကို ဒီညသူတို့ သိမှာ မဟုတ်ဘူး "

"ဘာထူးလဲကွယ်၊ ညမသိတော့ မနက်သိမှာ ပေ့ါ"

"မနက်ကျတော့သူတို့ သိပ်အချိန်မရဘူးလေ၊ ဖေဖေက ရုံးသွား၊ ဆောင်းလေးက ကျောင်းသွား ရမှာ မဟုတ်လား"

စိတ်သက်သာရန် ဖြေတွေးနေသော ညီမကို အပြုံးနှင့် ကြည့်ပြီး မိုးဦးဖြူက ဘာမှ မပြောတော့ ပါ။

"ဆောင်းလေး . . .ဒီနေ့ စာလဲမကျက်ဘူးနော်"

"ဒီနေ့ စိတ်ညစ်တယ်၊ မကျက်ချင်ဘူး၊ မနက်စောစောမှ ထကျက်မယ်လေ"

"ကတိတည်ပါစေနော်၊ မနက်ကျ နှိုးလို့ မထရင် အသိပဲ"

"စိတ်ချပါ . . .မမမိုးဦးရဲ့ "

ရင်ခွင်ထဲသို့ တိုးဝှေ့လာသော ညီမငယ်ကို မိုးဦးဖြူက ထွေးပွေ့သည်။ မိခင်၏ မေတ္တာ ပျောက်ဆုံး ခဲ့သော ညီမလေး၊ ဖခင်ရှိလျက်နှင့် ဖခင်ရဲ့ မေတ္တာကို ပြည့်ပြည့်ဝဝ မရရှာသော ညီမလေးကို မိုးဦးဖြူ က ဆထ

က်ထမ်းပိုးအကြင်နာတွေ တိုး၍ ပိုလိုက်ပါသည်။

"ကဲ. . .ညီမလေး အိပ်ချင် အိပ်တော့လေ"

တီဗွီအစီအစဉ်ပြီးသည် အထိ ဦးဝေလင်းတို့ မရောက်သေး၍ မိုးဦးဖြူက ထိုင်စောင့်နေသည်။

***

(၃)

ဆောင်းနှင်းဖြူက ကတိတည်စွာဖြင့် နောက်တစ်နေ့ နံနက် စော စောထပြီး စာကျက်သည် ။ မိုးဦးဖြူက ထုံးစံအတိုင်း မီးဖိုဆောင်ဝင်ပြီး နံနက်စာထမင်းချိုင့်ထည့်ရန် ချက်ပြုတ်သည် ။

ညက ရပ်ကွက်လူကြီးတွေကို မတိုင်ဖြစ်တော့ဘူးလို့ ယုံကြည်ခဲ့ သော ဆောင်းနှင်းဖြူ၏ အထင်က ပါစင်အောင် လွဲသွားသည် ။

နံနက် ခုနစ်နာရီလောက်မှာ ရပ်ကွက်လူကြီးနှစ်ယောက် အိမ်ကို ရောက်လာသည် ။ ဦးဝေလင်း အား ဆောင်းနှင်းဖြူလက်သံပြောင်ခဲ့သ ည့်ကိစ္စကို တိုင်သည် ။ ခုနစ်နာရီခွဲကျောင်းတက်ရမှာ ကို ကြိုတင် ပြီး အိမ်မှ ထွက်သွားသော ဆောင်းနှင်းဖြူက ထိုအဖြစ်ကို မသိလိုက်ပါ။

ရပ်ကွက်လူကြီးများ ပြန်သွားပြီ။ နောက်တစ်ကြိမ် ထိုကဲ့သို့မဖြစ်ရန် ဆောင်းနှင်းဖြူကို ဆုံးမ မည်လို့ ဦးဝေလင်းက ကတိပေးလိုက်ရသည် ။ ဒေါသတွေ တနင့်တပိုးနှင့် ကျန်ရစ်ခဲ့သူက ဦးဝေလင်းပါ။

ဆောင်းနှင်းဖြူကိုဖြစ်မိသော ဒေါသတွေ အားလုံး မိုးဦးဖြူပေါ် အစု လိုက် အပုံလိုက် ကျရောက် ပါတော့သည် ။

"မိုးဦးလာစမ်း . . ."

ဧည့်ခန်းဆီသို့ မိုးဦးဖြူက ခပ်ကုပ်ကုပ်လေးဝင် လာပြီး၊ ဖခင်ကို မျ က်နှာငယ်လေးနှင့်ကြည့် သည် ။

"မနေ့ညနေက ဆောင်းနှင်း ဘာတွေ ဖြစ်လာလဲသိလား"

ဒေါ်သဖြင့် နီမြန်းခက်ထန်နေသော ဖခင်ရဲ့ မျက်နှာကို မဝံ့မရဲနှင့်ကြည့်ပြီး မျက်လွှာချကာ ဖြေသည် ။

"သိပါတယ် ဖေဖေ . . ."

"အဲဒါ သိရက်နဲ့ ငါ့ကိုဘာလို့ မပြောလဲ၊ အခု လူကြီးတွေလာတိုင်မှ သိရတယ်"

"ပြောမလို့ ပါပဲဖေဖေရယ်၊ ညက ဖေဖေတို့ မိုးချုပ်တာနဲ့ မပြောဖြစ်တာပါ"

"တောက် . .. ငါ့ရဲ့ ဂုဏ်သိက္ခာကို တော်တော်အရှက်ခွဲတဲ့ ကလေး"

ဦးဝေလင်းက တက်တခေါက်ခေါက်နှင့် ဆောင်းနှင်းဖြူကို ဒေါ်သူပုန်ပွားနေသည် ။

"နင်ကလေ၊ အကြီးဖြစ်ပြီး ဘယ်တော့မှ အသုံးမကျဘူး၊ ညီမကို ထိန်းပါလား"

"မိုးဦး အိမ်မှာ မရှိတဲ့ အချိန်မှာ ဖြစ်တာပဲ ဖေဖေရယ်"

"နင်က ဘာလို့ အိမ်ပြန်နောက်ကျရတာလဲ"

"မိုးဦး အလုပ်တွေ မပြီးလို့ မပြန်ဖြစ်တာပါ"

"သွားစမ်း၊ တစ်ယောက်မှ အသုံးမကျဘူး၊ ဟိုကလေး လာပါစေ ညနေကျရင် ကောင်းကောင်း ရိုက်ပြီး ဆုံးမရမယ်"

"နေပါဦး ဖေဖေ၊ အဖြစ်မှန်ကို မေးကြည့်ပါဦး၊ ဂျမ်းပုံက လွန်တာပါ
"

"နင့်ညီမရှေ့က ကာဆီးကာဆီး လုပ်မနေနဲ့ ၊ နင် အလိုလိုက်လို့ မထိ

န်းလို့ ဒီလိုဖြစ်တာ"

"ဟုတ်သားပဲ၊ မိုးဦးက ကိုယ့်ညီမကို နိုင်အောင်ထိန်းနိုင်ရမှာ ပေါ့"

ဒေါ်သီတာက ဝင်ပါသည် ။ သူ့ရှေ့မှာ ဖခင်ကို အကျိုးသင့်အကြောင်းသင့်ရှင်းပြလို့ လည်း အပိုပါပဲ။

"ထမင်းချိုင့်ပြီးပြီလား၊ ဒီနေ့ စောစောသွားရမယ်"

ဦးဝေလင်းက ဒေါသမပြေသေးသောအသံနှင့် မေးသည် ။ မိုးဦးဖြူက မီးဖိုထဲပြေးပြီး ထမင်းချိုင့် ပြင်ဆင်ပေးသည် ။

"ငါ့အတွက်ပါ ထည့်လိုက်မိုးဦး"

ဒေါ်သီတာကပါ ဦးဝေလင်းနှင့်တစ်ခါတည်း အိမ်မှ အတူထွက်မှာ မို့ ထမင်းချိုင့်ကို ထည့်ခိုင်း သည် ။ စတီးသုံးဆင့်ချိုင့်နှစ်လုံးကိုထည့်ပြီး မိုးဦးဖြူက အသင့်ပြုလုပ်ပေးလိုက်သည် ။

"ညနေကျရင် ဆောင်းနှင်းကို ကျောပြင်ထားလို့ ပြောလိုက်"

ဖခင်ဦးဝေလင်းက စိတ်ဆိုးမာန်ဆိုးနှင့်ပြောပြီး ဒေါ်သီတာနှင့်အတူ ထွက်သွားပြီ။

ဆောင်းနှင်းဖြူအတွက် စိတ်မကောင်းစွာနှင့် မိုးဦးဖြူကျန်ရစ်ခဲ့သ ည် ။ ဖခင်ကို ဆောင်းနှင်းဖြူ အပေါ် နားလည်အောင် ပြောပြချင်သည် ။ ခက်သည် က အိမ်မှာ လုံးဝ လွတ်လပ်မှုမရှိ။ ဒေါ်သီတာက အမြဲလိုလို ဖ ခင်ရဲ့ အနားမှာ ရှိပြီး ဦးဝေလင်းကို စကားပြောခွင့်တောင် မိုးဦးဖြူတို့ တွင် ရှားပါးနေ သည်

"ဂျမ်းပုံအပေါ် ဆောင်းလေးက လက်ပါသွားတာက လွဲပြီး မလွန်ဘူး ၊ ဂျမ်းပုံ သက်သက်ရန်စတာ ဖေဖေသိမှ ဖြစ်မယ်၊ ဆောင်းလေးအတွက်

အိမ်မှာ ကာကွယ်ပြောပေးဖို့ ဘယ်လိုမှ အခွင့်သာမှ မဟုတ်ဘူး "

မိုးဦးဖြူက ရုံးသွားရန်အတွက် ပြင်ဆင်ရင်းနှင့် စဉ်းစားနေသည် ။ ဆောင်းနှင်းဖြူကို ဖခင်ဖြစ်သူရိုက်နှက် ဆုံးမမည်ကို မလိုလားပါ။

"အန်ကယ်ကိုပြောပြီး ရုံးကနေ တစ်ဝက်ဆင်းပြီး ဖေဖေ့ရုံးကို လိုက်သွားမယ်၊ အဲဒါမှ အကြောင်းစုံရှင်းပြနိုင်မှာ "

ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ချပြီး အိမ်တံခါး သော့ခတ်ကာ ရုံးသို့ မိုးဦးဖြူကထွက်လာသည် ။

***

လိုင်းကားစီးရင်းနှင့် ကွယ်လွန်သွားသည် မှာ သုံးနှစ်ကျော်ရှိသော မိခင်ကို တမ်းတမိသည် ။

"မေမေသာရှိရင် ဆောင်းလေး ဒါလောက် ဆိုးမှာ မဟုတ်ဘူး ၊ ကျောင်းက အိမ်ပြန်လာရင် အသင့် ကြိုနေတဲ့ မေမေ့ရင်ခွင်ထဲ ခေါင်းလေးချွဲနွဲ့တီတာနေတာ၊ ပြီးတော့ ဆောင်းလေးစားသုံးဖို့ မေမေက အဆင်သင့်လုပ်ပြီး ကြိုနေတာလေ"

မိန်းမဆုံးပြီးတစ်နှစ်သာ ဖခင်နှင့် ရင်းရင်းနှီးနှီးနေခဲ့ရပြီးနောက် ဒေါ်သီတာက ကြားဝင် လာသည် ။ မိန်းမဆုံးပြီး တစ်နှစ်ပြည့်သည် နှင့် ဦးဝေလင်းက တစ်ပင်လဲမှ တစ်ပင်ထူလိုက်သည် ။

ဒေါ်သီတာ အိမ်ပေါ်ရောက်လာသည် နှင့်အတူ မိုးဦးဖြူတို့ မိသားစုလေးရဲ့ ချမ်းမြေ့မှုကလည်း ပျောက်ဆုံးသွားသည် ။ ဒေါ်သီတာက ဦးဝေ

လင်းကိုသာ လက်ထပ်ခဲ့သည် ။ ဦးဝေလင်းရဲ့ သမီးနှစ်ယောက်ကို သူမရဲ့ ဘဝထဲသို့ အဝင်မခံချင်ပါ။ စွန့်ပစ်၍ မရသော ရယ်ဒီမိတ်သမီးနှစ်ယောက်ကိုကြည်ဖြူခြင်းမရှိခဲ့ပါ။

ဦးဝေလင်းက သူတို့ ရဲ့ မိခင်နေရာမှာ ဒေါ်သီတာက ပြည့်ဝစွာနေပေးမည် ဆိုသော်လည်း လက်တွေ့မှာ ဒေါ်သီတာသည် မိတ်ဆွေတစ်ယောက်လိုတောင် သူတို့ ညီအစ်မပေါ်တွင် စေတနာ မထားနိုင်ပါ။

ဒေါ်သီတာကြားခံလိုက်ပြီးသည့် နောက်ပိုင်းမှာ ခင်ဖြစ်သူသည် သူတို့ နှင့်တဖြည်းဖြည်းဝေး၍ ဝေး၍ သွားသည် ကို မိုးဦးဖြူရော ဆောင်းနှင်းဖြူပါ ခံစားသိရှိနေသည် ။

ဖခင်ပေါ်မှာ ကျေနပ်ခြင်းမရှိသော်လည်း ငရဲကို ကြောက်၍ မိုးဦးဖြူက ဖွင့်ပြီး ဘယ်တုန်းကမှ မပြောခဲ့ပါ။ သည် တစ်ခါတော့ မိုးဦးဖြူက ဖခင်နှင့် အကျေအလည် ဆွေးနွေးဖို့ စိတ်ကူးသည် ။

တွေးရင်းငေးရင်းနှင့် ကားစီးလာသည် မှာ ဆင်းရမည့်မှတ်တိုင်သို့ ရောက်ပြီမို့ ဒရောသောပါး ကားတံခါးပေါက်ဝဆီသို့ တိုးထွက်လိုက်သည် ။

လက်ကနာရီကို ငုံ့ကြည့်သည် ။ ဆယ်မိနစ်နောက်ကျနေပြီမို့ ခြေလှမ်းကို တိုး၍ ထွက်သည် ။ ရုံးကို အချိန်မှန်မှန်ရောက်သည့် အလေ့အထကို မိုးဦးဖြူက ပြုကျင့်သည် ။

အချိန်လေးစားသလို တာဝန်သိပြီး အလုပ်ကိုလည်း ကျွမ်းကျင်စွာ မခိုကပ်ဘဲလုပ်သည် ။ ဘွဲ့ရပြီးကတည်းက ဖခင်ရဲ့ သူငယ်ချင်း ဦးအောင်သောင်းရဲ့ ကုမ္ပဏီတွင် အတွင်းရေးမှူးမလေး လုပ်နေ ခဲ့သည် ။

မိခင်ဘက်ကအဘွားက မိုးဦးဖြူကို အမွေပေးခဲ့သည် ။ ထိုအမွေကို

နှင်ဆယ့်သုံးနှစ်ပြည့်မှ မိုးဦး ဖြူကို လွှဲပြောင်းပေးမည်မို့ ရှေ့နေနှင့် စီစဉ်ခဲ့သည် ။ မကြာသေးခင်က မိုးဦးဖြူ နှစ်ဆယ့်သုံးနှစ်ပြည့်၍ အဘွားရဲ့ အမွေများကို လက်ခံရရှိခဲ့သည် ။

ထိုအမွေတွေကို ဘဏ်မှာ ပဲ ထားပြီး ထုတ်၍ အသုံးမပြုသေးပါ။ ရှေ့ရေးအတွက် ဘာလုပ်ရ မည်ကို မိုးဦးဖြူက စဉ်းစားဆုံးဖြတ်၍ မရသေးပါ။

မိုးဦးဖြူက ရုံးခန်းထဲသို့ သုတ်သီးသုတ်ပျာနှင့် ဝင်လာသည် ။ စားပွဲပေါ်ခြင်းတောင်းကိုချပြီး ရုံးခန်းက နံရံကပ် နာရီကို ကြည့်လိုက်သည် ။ မိုးဦးဖြူလိုပဲ နာရီကို လှမ်းကြည့်လိုက်သူက ဦးအောင်သောင်းပါ။

နာရီဝက်တိတိ မိုးဦးဖြူနောက်ကျနေသည် ။ မိုးဦးဖြူက သူမကို မှန်သားနံရံကနေ လှမ်းကြည့် နေသော ဦးအောင်သောင်းရဲ့ အခန်းဆီသို့ ဝင်လိုက်သည် ။

"မိုးဦး နောက်ကျတဲ့ အတွက် ခွင့်လွှတ်ပါအန်ကယ်"

မျက်နှာမသာမယာနှင့် ရှိနေသော မိုးဦးဖြူကို ဦးအောင်သောင်းက လေ့လာအကဲခတ်နေသည် ။

"ဘယ်တုန်းကမှ အလုပ်ကိုနောက်မကျဖူးတဲ့ မိုးဦးဖြူလေး ဘာတွေဖြစ်နေလဲ၊ တစ်ခုခုကို စိတ်ရှုပ်နေတယ် မဟုတ်လား"

မျက်နှာရိပ်မျက်နှာကဲ အဖမ်းတော်သော ဦးအောင်သောင်းကို မိုးဦးဖြူက ညှိုးငယ်စွာ ပြန်ကြည့် သည် ။ ဦးအောင်သောင်းသည် မိမိတို့ ညီအစ်မပေါ်တွင် နားလည်စာနာမှုရှိသည် ကို မိုးဦးဖြူက အသိပါ။

ရင်ထဲမှာ အလိပ်အခဲနှင့် မကျေနပ်မှုများ ရှိလျှင် ဦးအောင်သောင်းကို ဖွင့်ဟပြီး တိုင်ပင်တတ်သူ က မိုးဦးဖြူပါ။ ဦးအောင်သောင်းကို ဦး

လေး အရင်းတစ်ယောက်လို မိုးဦးဖြူက အားကိုးချစ်ခင်ပါသည် ။ ဖခင်နှင့် မိမိတို့ ညီအစ်မကြား မပြေမလည်ရှိသည့်အကြိတ်အခဲကို ဦးအောင်သောင်းအား ရင်ဖွင့်ပြောပြရန် စိတ်ကူးသည် ။

"ဘာတွေဖြစ်နေလဲ၊ အန်ကယ့်ကိုပြောပြပါလား မိုးဦးဖြူ"

"ဟုတ်ကဲ့၊ မိုးဦးပြောပြမလို့ စိတ်ကူးနေတာပါ"

"ကဲ . .. ပြော"

ဦးအောင်သောင်းက လက်ထဲက ကလောင်ကို စားပွဲပေါ်သို့ချပြီး လက်နှစ်ဖက်ကိုဆုပ်ကိုင် ကာ နားထောင်ရန် အသင့်အနေအထားနှင့်ရှိနေသည် ။

"ဆောင်းလေးကြောင့် မနေ့က ပြဿနာဖြစ်တယ်အန်ကယ်"

"ဆောင်းလေးတို့ က လုပ်ချလိုက်ပြန်ပြီပေါ့"

"အဲဒီကလေးက အရမ်းစိတ်ကြီးတာပဲ၊ ဂျမ်းပုံက အသားလွတ် စော်ကားရာကနေ ရန်ဖြစ်ကြ တယ် အန်ကယ်"

"ဩော် . . ."

မိုးဦးဖြူက မဟုတ်မခံစိတ်ရှိသော ဆောင်းနှင်းဖြူရဲ့ အကြောင်းကို ပြောပြသည် ။ ဂျမ်းပုံ ချို့စောင်း ကွဲပြီး ရပ်ကွက်လူကြီးတွေ အိမ်လာတိုင်သွားသည့်အကြောင်းစုံကို ပြောပြသည် ။

ဦးအောင်သောင်းက မိုးဦးဖြူပြောသမျှကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည် ။ ဇာတ်ကြောင်းအစုံကို ကြားသိပြီးမှ ဦးအောင်သောင်းက ကောက်ချက်ချသည် ။

"အသာလွတ် စော်ကားတာ ဂျမ်းပုံအလွန်ပေါ့၊ ဆောင်းလေး

ဒေါသဖြစ်ချင်စရာပဲပေါ့၊ ဒါပေမယ့် ဆောင်းလေးက လက်ပါသွားတော့ မှားသွားတယ်"

"ဟုတ်ပါတယ် အန်ကယ်၊ သူ့အမှားကို သူသိနေပါပြီ"

"ကိုဝေလင်းက ညနေကျရင် ဆောင်းလေးကိုရိုက်ပြီး ဆုံးမမယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ် အန်ကယ် ဖေဖေက အရမ်းစိတ်ဆိုးနေတယ်၊ သူ့အရှက်ကိုခွဲတယ်ဆိုပြီး ဆောင်းလေးကိုရိုက်မှာ ဆောင်းလေးက ရိုက်ရမယ့် အရွယ်မှ မဟုတ်တော့ဘဲ"

"မရိုက်ဘဲနဲ့ ဆုံးမလို့ ရတာပဲကွယ်"

"ဖေဖေကလေ၊ ခုတလော မိုးဦးတို့ ညီအစ်မကို စိတ်မရှည်ဘူး၊ ဆောင်းလေးကို ကလေးဆိုပြီး ခွင့်လဲ မလွှတ်ဘူး၊ အန်တီသီတာပြောသမျှကို ပုတ်သင်ညိုကို ခေါင်းညိတ်နေတာပဲအန်ကယ်ရယ်"

"ခက်လိုက်တာကွယ်"

"အန်တီသီတာက ကြားခံနေတော့ အိမ်မှာ မိုးဦးတို့ ညီအစ်မကဖေဖေ့ကို လွတ်လွတ်လပ်လပ် စကားပြောခွင့်တောင် မရပါဘူး အန်ကယ်"

"ဆောင်းလေးအကြောင်းကို မင်းအဖေ သေသေချာချာ နားလည်အောင် ရှင်းပြလိုက်ပါလား"

"ဟုတ်ကဲ့၊ အဲဒါကလဲ အိမ်မှာ ရှင်းလို့ မဖြစ်ဘူးအန်ကယ်၊ မိုးဦးနေ့ဝက်ခွင့်ယူပြီး ဖေဖေ့ရုံးခန်း ကို လိုက်သွားချင်တယ်၊ အဲဒီမှာ မှ လွတ်လွတ်လပ်လပ်ပြောလို့ ရမှာ "

"ကောင်းသားပဲ၊ လိုက်သွားလေ"

"ကျေးဇူးတင်ပါတယ် အန်ကယ်"

"ကောင်းသားပဲ လိုက်သွားလေ"

"ကျေးဇူးတင်ပါတယ် အန်ကယ်"

"သမီးတို့ ဘက်ကနေ အန်ကယ် စာနာ နားလည်ပါတယ်ကွယ်၊ ကိုဝေလင်းကို နားလည် အောင် ပြောပြချင်တယ်၊ ခက်တာက မသီတာ၊ သမီးတို့ ဘက်က လိုက်ပြောလို့ အန်ကယ့်ကို အိမ်လာတာတောင် မကြိုက်ဘူးဖြစ်နေတယ်"

"ဖေဖေဟာ အန်တီ သီတာနဲ့ ရမှ သိပ်ကို ပြောင်းလဲသွားတယ်၊ တစ်ခါတလေမှာ ဖေဖေဟာ မိုးဦးတို့ လက်လှမ်းမမှီတဲ့ အဝေးကြီးမှာ ရောက်နေသလိုပါပဲ"

"ခွင့်လွှတ်စိတ်နဲ့ နားလည်ပေးလိုက်ပါ၊ သူ့မှာ မယားနဲ့ သမီးတွေကြား စိတ်ပင်ပန်းရှာမှာ ပါ"

"မိုးဦးတို့ က ဖေဖေစိတ်မချမ်းသာမှာ စိုးလို့ ဘာတစ်ခုမှ မပြောပါဘူး အန်ကယ်ရယ အန်တီ သီတာ မလိုလားငြူစူတာကို ခေါင်းငုံ့ခံပါတယ်၊ ဒါပေမယ့် ဆောင်းလေးက ကလေးမဟုတ်လား၊ တစ်ခါ တစ်ခါ သူသိပ်ခံစားရပါတယ်၊ အမေကမရှိလို့ အဖေ့ မေတ္တာကို သူသိပ်မျှော်ကိုးပြီး မရတော့ ဝမ်းနည်းရှာပါတယ်"

"သမီးတို့ ကို ကိုဝေလင်းက ချစ်ပါတယ်ကွယ်"

"သားသမီးကို မချစ်တဲ့ မိဘ မရှိဘူး ဆိုတာကို မိုးဦးလက်ခံပါတယ် အန်ကယ်၊ ဒါပေမယ့် ဖေဖေရဲ့ အချိန်တွေ အားလုံးကို ဖေဖေ့ ဘဝတစ်ခုလုံးကို အန်တီသီတာက လွှမ်းမိုးပိုင်ဆိုင်ထားတယ်"

"အင်း . . .မသီတာ သိပ်ကို အသိတရား ခေါင်းပါးပါလားကွယ်"

"မိုးဦးကအားလုံးကို နားလည်ခွင့်လွှတ်ထားပါတယ် အန်ကယ်၊ ဖေဖေ့ နေရာက ကြည့်ရင်လဲ မလွယ်လှပါဘူး၊ ဒါပေမယ့် ဆောင်းလေးကို ဖေဖေ သိပ်ပြီးလျစ်လျူရှုထားတာတော့ မကောင်းပါဘူး"

"အေးလေ . . . သမီးတို့ အဖေနဲ့ ဆွေးနွေးကြည့်ပါဦးကွယ် . . ."

"ဟုတ်ကဲ့ပါ အန်ကယ်"

"ဒါလေးကို ပြီးအောင် ရိုက်ထားခဲ့ပါ မိုးဦး"

"ဟုတ်ကဲ့"

ဦးအောင်သောင်းထံမှ စာရွက်များကိုယူပြီး သူမရဲ့ စားပွဲဆီသို့ မိုးဦးဖြူ လျှောက်လာသည် ။ နေ့တစ်ဝက်ပြန်မှာ မို့ အလုပ်တွေပြီးအောင် မနားဘဲ သွက်သွက်ကြီး လုပ်လိုက်သည် ။

***